**JOB TITLE:** **FIELD PROGRAM ASSISTANT (2 POSITIONS)**

**Based in:** **Yangon, Myanmar**

**Reports to:** **Program Coordinator (HIV prevention)**

## Background

မဟာမိတ် (Alliance Myanmar) သည် HIV/AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်နှင့် ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ရန် လူထုအခြေပြုအဖွဲ့များ (CBOs) ကို ထောက်ပံ့ပေးနေသော ပြည်တွင်း NGO အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာ အကူအညီများ နှင့် ငွေကြေးများထောက်ပံ့ပေး၍ လူထုအခြေပြု အဖွဲ့များ၊ ပြည်တွင်း NGOများ နှင့် ဦးတည်အုပ်စုအသိုင်းအဝန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ၎င်းတို့နှင့်လက်တွဲလုပ်ဆောင်ခြင်းဖြင့် HIV/AIDS ဆိုင်ရာကာကွယ်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ တွင် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ထားပါသည်။ Alliance Myanmar ၏လုပ်ငန်းအစီအစဉ်များသည် HIV/AIDS ကြောင့် ထိခိုက်နစ်နာသော ဦးတည်အုပ်စုများ ဖြစ်ကြသော လိင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူများ၊ မူးယစ်ဆေးဝါးအကြောထဲ ထိုးသွင်းသုံးစွဲသူများ၊ HIV ပိုးနှင့် ရှင်သန်နေထိုင်သူများ နှင့် အတူတကွ လက်တွဲဆောင်ရွက်ခြင်းကို အဓိကဦးတည်ထားပါသည်။ ထို့အပြင် မိခင်၊ မွေးကင်းစကလေးငယ်၊ ၅နှစ်အောက် ကလေးများ ကျန်းမာရေး နှင့် လိင် နှင့် မျိုးဆက်ပွား ကျန်းမာရေး လုပ်ငန်းစဉ်များကို ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တောင်ပိုင်း တို့တွင် လုပ်ဆောင်လျက်ရှိပါသည်။

## တာဝန်ယူကြီးကြပ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာဆက်ဆံရေး

Alliance Myanmar ၏ HIV ကာကွယ်ရေး ပရိုဂမ် မှ Program Coordinator သည် Field Program Assistant ကို ကြီးကြပ်ပေးမည်ဖြစ်ပြီး သူ/သူမ တာဝန်ယူရမည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးမည်ဖြစ်သည်။ Alliance Myanmar ပရိုဂမ် ၏ လုပ်ငန်း အစီအစဉ်များအရ NGO များ၊ လူထုအခြေပြုအဖွဲ့ များ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ နှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ထောက်ပံ့ပေးခြင်းကို ထိရောက်စွာ စီစဉ် ရေးဆွဲ ဆောင်ရွက်နိုင်ရန် ပရိုဂမ် အသင်းမှ အခြားသော အဖွဲ့ဝင်များ နှင့် နီးကပ်စွာ လက်တွဲလုပ်ဆောင်ရမည်။ ထို့အပြင် Workshop များ၊ အခြားသော လုပ်ငန်းစဉ်များ စနစ်တကျ စီစဉ်နိုင်ရန် Alliance Myanmar ၏ သင့်တော်သော ဝန်ထမ်းများ နှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။ Field Program Assistant သည် CBOs များရှိသော စီမံကိန်း နေရာများသို့ လိုအပ်သလို သွားရောက်ရမည်ဖြစ်သည်။

## အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ

Alliance Myanmar ၏ HIV ကာကွယ်ရေးလုပ်ငန်းစဥ်တွင် Field Program Assistant အနေဖြင့် အဓိက တာဝန်ယူဆောင်ရွက် ရမည့် လုပ်ငန်းဆောင်တာများမှာ

### (၁) CBO များရှိသော စီမံကိန်း နေရာများသို့ ကွင်းဆင်းလေ့လာစစ်ဆေးခြင်း

- Program Officers များနှင့် ညှိနှိုင်း၍ ကွင်းဆင်းလုပ်ရှားဆောင်ရွက်မှုများ၊ ဟော့စပေါ့ နေရာများကို လေ့လာစစ်ဆေးရန် လုပ်ငန်းဆောင်ရွက်နေသော CBO မြို့နယ်များ သို့ ပုံမှန် ကွင်းဆင်းလေ့လာမှု ပြုလုပ်ခြင်း
- CBO များ ပြုလုပ်ထားသော ဟော့စပေါ့ စာရင်းမှ ဟော့စပေါ့နေရာများ ကို အတည်ပြုနိုင်ရန် ကွင်းဆင်း လေ့လာ စစ်ဆေးရန်
- ဟော့စပေါ့နေရာအသစ်များ ရှာဖွေဖော်ထုတ်ခြင်း နှင့် ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ခြင်း အခန်း ကဏ္ဍများ တွင် CBO များကို ကူညီထောက်ပံ့ရန်
- အကျိုးခံစားသူများကို ၎င်းတို့ရရှိသော HIV နှင့် ကာလသားရောဂါများဆိုင်ရာ အခြေခံအချက် အလက်များ၊ COVID-19 ဆိုင်ရာ သတင်းအချက်အလက်များ၊ ၊ ကာကွယ်ရေးနည်းလမ်း များနှင့် ပက်သက်သော ကျန်းမာရေး ဝန်ဆောင်မှုများ၏ အရည်အသွေး ပြည့်မှီမှုအပေါ် တယ်လီဖုန်းဖြင်ဲ့သော် လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံ၍သော်လည်းကောင်း ပုံမှန် ဆက်သွယ်အကဲဖြတ်ရန်
- အကျိုးခံစားသူများကို ဝန်ဆောင်မှုရရှိမှုအပေါ် ကျေနပ်မှု အတိုင်းအတာကို ရန်ကုန်တွင် ကွင်းဆင်းလေ့လာနေချိန်တွင် client များနှင့် တွေ့ဆုံ၍သော်လည်းကောင်း၊ နယ်မြို့များသို့ သွားရောက်၍သော်လည်းကောင်း (သို့မဟုတ်) ဖုန်းဖြင့် ဆက်သွယ်၍သော်လည်းကောင်း ပုံမှန်စစ်ဆေး အကဲဖြတ်ရန်

### (၂) CBO များ (MSM/FSW) ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို Alliance Myanmar ၏ program စံနှုန်းအတိုင်း ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း

- NGO/CBO များကို အဖွဲ့အစည်းပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးရာတွင် အဆင်ပြေစွာဆောင်ရွက်နိုင်ရန် သင်တန်းအထောက်အကူ ပစ္စည်းများ ရှာဖွေပြင်ဆင်ပေးခြင်း၊ workshop များ ဒီဇိုင်းဆွဲခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း နှင့် အစီရင်ခံစာ များပြင်ဆင်ခြင်းတို့တွင် Program Officer များကို ကူညီပေးရန်
- သက်ဆိုင်ရာ Program Officers များနှင့် ပူးပေါင်းလုပ်ဆောင်၍ သင်တန်းများ ဖိတ်ကြားရန်၊ သင်တန်းအထောက်အကူဖြစ် ပစ္စည်းများ၊ workshop များအတွက် handout များပြင်ဆင်ရန် နှင့် လိုအပ်သော supporting document များ စုဆောင်းပေးရန်
- CBO များ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းစဉ်၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို လေ့လာသုံးသပ်နိုင်ရန် Program Team အား လိုအပ်သလို ပံ့ပိုးကူညီပေးရန်

(၃) Alliance Myanmar မှ သက်ဆိုင်ရာ နည်းပညာထောက်ပံ့ပေးသူများ နှင့် တိုင်ပင်ဆွေးနွေး၍ client များအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းကို ဖုန်းအဝင်ခေါ်ဆိုမှု များ လက်ခံဖြေကြားခြင်းဖြင့် **hotline counsellor** အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

(၄) ပြုလုပ်ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ခြင်း နှင့် အစီရင်ခံစာ တင်ခြင်း

(၅) ဤရာထူးတွင်ခန့်ထားခံရသူ၏ အရည်အချင်း၊ စွမ်းဆောင်ရည်များနှင့် ကိုက်ညီသော အလုပ်တာဝန်များကို လိုအပ်သလို ထမ်းဆောင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

1) ပညာအရည်အချင်း – အနည်းဆုံးအထက်တန်းကျောင်း ပြီးသူဖြစ်ရမည်။
2) ဦးတည်အုပ်စု (အမျိုးသားချင်း ချစ်ခင်စုံမက်သူများ (MSM/TG) နှင့် လိင်လုပ်ငန်း ဖြင့် အသက်မွေး လမ်းကြောင်းပြု သူ (FSW))များလျှောက်ထားရန်အားပေးလိုပါသည်။
3) HIV ဆိုင်ရာ ကာကွယ်ရေး နှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ကွင်းဆင်း လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိသူဖြစ်ပြီး NGO နှင့် CBO လူထုအခြေပြုအဖွဲ့များတွင် ဦးတည်အုပ်စုများ (MSM၊ FSW) နှင့် အလုပ်လုပ်ဖူးသူဖြစ်ရမည်။
4) အပြုသဘောဆောင်သောစိတ်နေသဘောထားရှိသူ ဖြစ်ရမည်။ ဦးတည်အုပ်စုများ၊ HIV ပိုးနှင့်ရှင်သန်နေထိုင်သူများကို ခွဲခြင်းဆက်ဆံလိုစိတ်မရှိသူ ဖြစ်ရမည်။
5) အပြောအဆိုဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ရမည်။
6) အားပေးတိုက်တွန်းပါသည်။

**Interested candidates** may submit their application including a letter of interest and complete Curriculum Vitae to the Human Resources Department, Alliance Myanmar (Mahamate), No. 24, 2nd Street, Hlaing Yadanar Housing Compound, Hlaing Township, Yangon or via email to ahso.alliance@gmail.com by **19 June 2023.**

**“Alliance Myanmar has a zero tolerance to sexual exploitation, abuse and harassment. The employees are required to adhere the Alliance Myanmar’s Code of Conduct including PSEA policy both during working hours and outside working hours”**

*“The Alliance Myanmar is committed to equal opportunities and welcomes applications from appropriately qualified people from all sections of the community. Qualified people living with HIV are particularly encouraged to apply.”*

**Remark:** *Only shortlisted candidates will be contacted*